# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 20 , 2024 | Volume 75, Number 13

၂၀.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၁၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၉၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၅.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၇.၇၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဖွဲ့နုဆီကြမ်းနှင့်ဆီချောစက်ရုံ ၁၀ ရုံ တည်ဆောက်မည်

နေပြည်တော်မှာ တည်ဆောက်နေတဲ့ စက်ရုံအပါအဝင် ဖွဲ့နုဆီကြမ်းနှင့် ဆီချောစက်ရုံ ၁၀ ရုံကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ တည်ဆောက်သွားဖို့ ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ကနေ သိရပါတယ်။

MRF ရဲ့ ဦးဆောင်မှုနဲ့ နေပြည်တော် ပျဉ်းမနားမြို့နယ်က MAPCO ဆန်စက်ဝင်းမှာ ဖွဲ့နုဆီကြမ်းနှင့် ဆီချောစက်ရုံကို စတင်တည်ဆောက်နေပြီး ၁၂ လခန့် ကြာမြင့်မယ်လို့ ခန့်မှန်းထားပါတယ်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလ သို့မဟုတ် မတ်လအတွင်း ဖွဲ့နုဆီ ထုတ်လုပ်နိုင်ဖို့ ရည်မှန်းထားကြောင်း အသင်းချုပ်တာဝန်ရှိသူတစ်ဦးက ပြောကြား ထားပါတယ်။

နေပြည်တော်မှာ တည်ဆောက်နေတဲ့ ဖွဲ့နုဆီကြမ်းနဲ့ဆီချောပါဝင်တဲ့ စက်ရုံကနေ တစ်နှစ်ကို ဆီကြမ်းတန်ချိန် ၉၀၀၀ နဲ့ ဆီချောတန်ချိန် ၆၃၀၀၊ စုစုပေါင်းတန်ချိန် ၁၅,၃၀၀ ခန့် ထုတ်လုပ်နိုင်မှာပါ။

ထပ်မံတည်ဆောက်ဖို့ရှိတဲ့ စက်ရုံ ၉ ရုံကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ ထပ်မံတည်ဆောက်သွားဖို့ လျာထားပါတယ်။

ထွက်ရှိလာတဲ့ ဖွဲ့နုဆီတွေကို ပြည်တွင်းမှာ ရောင်းချမှာဖြစ်သလို ဂျပန်၊ တောင်ကိုရီးယားနဲ့ ဥရောပနိုင်ငံတွေထံ တင်ပို့ရောင်းချဖို့ ရည်မှန်းထားတယ်လို့ သိရှိရပါတယ်။

Source: BETV Business

## စိုက်ပျိုးရေးဈေးကွက်သတင်း

ဒီတစ်ပတ်မှာတော့ မတ်ပဲရော ပဲစင်းငုံနီပါ ဈေးတွေထပ်ကျလာသလို ပဲပုပ်ဈေးလည်းကျပါတယ်။ ရေတ်ဈေးကွက်ကတော့ အတက်ပြပါတယ်။

မတ်ပဲဈေးကွက်

မတ်ပဲကတော့ ပို့ကုန်ရငွေအပြောင်းအလဲကြောင့် ဈေးကွက်တည်ငြိမ်မှု မရှိဘဲ အကျဘက်ကို ရောက်လာခဲ့ပါ တယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm




လတ်တလော ပို့ကုန်ရငွေဂယက်ကြောင့် မတ်ပဲဈေးကျနေပေမဲ့ အိန္ဒိယနိုင်ငံက မတ်ပဲလိုအပ်ချက်ရှိနေတဲ့အတွက် မတ်ပဲဈေးကွက်က အများကြီးကျဆင်းနိုင်တဲ့အခြေအနေတော့မရှိဘူးလို့ ပဲကုန်သည်ကြီး အချို့က ဆိုပါတယ်။

အိန္ဒိယက သူတို့နိုင်ငံရဲ့ လိုအပ်ချက်ကိုပြည့်မီဖို့ ဈေးကောင်းပေးပြီး ဝယ်ယူမှုရှိလာနိုင်တာကြောင့် ဈေးကအတက်မှာပဲ ရှိနိုင်တယ်လို့ ကုန်သည်တွေက သုံးသပ်ပါတယ်။

ဖေဖော်ဝါရီ တတိယအပတ် ရန်ကုန်ဘုရင့်နောင်မှာ မတ်ပဲ FAQ တစ်တန်ကို ၃၁,၈၈,၀၀၀ ကျပ်ရှိပြီး ဖေဖော်ဝါရီလ ဒုတိယအပတ်က ဈေးနဲ့ယှဉ်ရင် တစ်တန်ကို ၁,၅၀,၀၀၀ လောက် ဈေးပြန်ကျခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာလည်း ဒီတစ်ပတ်မှာ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်ကို ၂,၈၅,၀၀၀ ကျပ် ဈေးပေါက်ပြီး ပြီးခဲ့တဲ့အပတ်က ထက် ၂၅,၀၀၀ ကျပ်ဈေးထပ်ကျလာတာတွေ့ရပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာလည်း မတ်ပဲတစ်တင်းကို ၁,၀၆,၀၀၀ ကျပ်အထိရှိခဲ့ပေမယ့် ၁,၀၀,၈၀၀ အထိရောက်သည်အထိ ဈေးကပြန်ကျသွားပါတယ်။

**ပဲစင်းငုံနီဈေးကွက်**

ပဲစင်းငုံနီကလည်း ပို့ကုန်ရငွေဂယက်ကြောင့်ပဲ ဈေးကွက်ကျဆင်းသွားတာကိုတွေ့ရပါတယ်။ ဒါပေမဲ့ ပဲစင်းငုံနီကိုလည်း အိန္ဒိယဘက်ကလိုအပ်ချက်ရှိပြီး ဝယ်လိုအားကောင်းတာကြောင့် ဈေးနှုန်းက အများကြီးကျဆင်းနိုင်ဖွယ်မရှိဘဲ လတ်တလောမှာ ဈေးကစားနေလို့ တည်ငြိမ်မှုမရှိဖြစ်နေတာဖြစ်ပါတယ်။

မတ်ပဲရော ပဲစင်းငုံကိုပါ အိန္ဒိယက အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့်ကို လာမဲ့မတ်လအထိ သက်တမ်းတိုးထား သလိုပဲ တန်ချိန်အများအပြားဝယ်ယူဖို့ရှိတာကြောင့် ဈေးကအတက်ဘက်မှာပဲရှိတယ်လို့ ကုန်သည်တွေက သုံးသပ်ပါတယ်။

ဖေဖော်ဝါရီ တတိယအပတ် ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ၃,၉,၆၅,၀၀၀ ကျပ်ရှိလို့ ဖေဖော်ဝါရီလ ဒုတိယအပတ်က ဈေးနဲ့ယှဉ်ရင် ၆၂,၀၀၀ ကျပ် ဈေးကျလာတာဖြစ်ပါတယ်။

အလားတူ မန္တလေးဈေးကွက်မှာလည်း ပိဿာ ၆၀ တစ်အိတ်ကို ၃,၇၇,၀၀၀ မှ ၃,၇၈,၀၀၀ ကျပ် ဈေးပေါက်ပြီး တစ်အိတ်ကို ၇၀၀၀ ကျပ်လောက် ကျလာတာဖြစ်ပါတယ်။

**ပဲပုပ်ဈေးကွက်**

ပဲပုပ်ကလည်း ပြည်တွင်းပဲမျိုးစုံဈေးကွက်မှာ ဈေးကျဆင်းလာတာတွေ့ရပါတယ်။ ပဲပုပ်က အဓိကပြည်တွင်းစားသုံးမှုအပေါ်မှီခိုရပြီး ပြည်ပကိုတင်ပို့မှုနည်းပါတယ်။ ဒါကြောင့် လက်ရှိပြည်တွင်းမှာဖြစ်နေတဲ့ ပဲမျိုးစုံဈေး ကျဆင်းနေချိန် ပဲပုပ်လည်း ဈေးကျဆင်းလာတာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာ ပဲပုပ် (ဗမာ) က ၅၃ ဒသမ ၂၅ ပိဿာ တစ်အိတ်ကို ၁,၆၀,၀၀၀ မှ ၁,၇၅,၀၀၀ ကျပ်သာရှိသလို ပဲပုပ် (ရှမ်း)ကလည်း ၁,၆၀,၀၀၀ မှ ၁,၇၂,၀၀၀ ကျပ်သာရှိပြီး၊ တစ်အိတ်ကို ၁၀,၀၀၀ မှ ၂၅,၀၀၀ ကျပ်အထိ ဈေးကျဆင်းသွားပါတယ်။

**ငရုတ်ဈေးကွက်**

ပြည်တွင်းကုန်စိမ်းဈေးကွက်မှာ ငရုတ်ကတော့ ပြည်ပကအဝယ်လိုက်လာလို့ ဈေးအတက်ဘက်ကို ပြန်ရောက် လာနေပါတယ်။

ရှမ်းပြည်နယ် အောင်ပန်းကုန်စိမ်းဈေးကွက်မှာ ငရုတ်သီးအစိမ်းက ဈေးအတက်ပြလာပြီး ငရုတ်သီးခြောက်က အနည်းငယ် ကျရိပ်ပြလာပါတယ်။

ရှမ်းသွယ်ခြောက်နဲ့ ရှမ်းပွခြောက် တစ်ပိဿာကို ၈၅၀၀ မှ ၉၀၀၀ ကျပ်၊ ကုလားအော်သီးခြောက်တစ်ပိဿာကို ၄၀,၀၀၀ ကျပ်၊ ကုလားအော်သီးအစိမ်းတစ်ပိဿာကို ၇၀၀၀ ကျပ်၊ ကျောက်စိမ်းသီးအစို တစ်ပိဿာကို ၃၅၀၀ ကျပ်

ဈေးပေါက်နေပါတယ်။

**Source: Awba**

## ခရီးလမ်းသွားလာရေးခက်ခဲမှုကြောင့် မြဝတီနယ်စပ်မြို့တွင် အခြေခံစားသောက်ကုန်များ ဈေးမြင့်တက်လာ



မြဝတီ-ကော့ကရိတ် ဒေါနတောင်ကျော် လမ်းသုံးသွယ် ရှိသော်လည်း ယခုအခါ မြဝတီ-ထို့ကော်ကိုး-နဘူးတောင်ကျော် လမ်းပိုင်းမှသာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ သွားလာရခြင်းကြောင့် ပြည်တွင်းထွက် အခြေခံစားကုန်ဆန်နှင့် အခြားကုန်ပစ္စည်းများ၊ လူသုံးကုန်များ ဈေးနှစ်ဆကျော် မြင့်တက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လယ်ယာထွက် စားကုန်ဆန်၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲမျိုးစုံ၊ ကွမ်းသီး ကွမ်းရွက်တို့မှာ ယခင်ထက် နှစ်ဆကျော်မြင့်တက်နေပြီး အမွှေးတိုင်၊ ဖယောင်းတိုင်နှင့် လူသုံးကုန်ပစ္စည်းများလည်း များစွာဈေးမြင့်တက်နေကြောင်း၊ ယင်းကဲ့သို့ ကုန်ပစ္စည်းများ ဈေးမြင့်တက်နေရခြင်းမှာ လမ်းခရီးအခြေအနေ၊ သယ်ယူခစရိတ်မြင့်မားခြင်းကြောင့်ဟု သုံးသပ်မှုများရှိသည်။

"ပစ္စည်းသယ်ယူခအနေနဲ့ အရင်က ၁၀,၀၀၀ လောက်ပေးရတဲ့ အထုပ်မျိုးဆိုရင် အခု ၂၀,၀၀၀ ကျော်ပေးရတယ်။ လူတစ်ဦးအရင် မြဝတီ -မော်လမြိုင် ၂၀,၀၀၀ ကျပ်၊ အခု ၆၀,၀၀၀ ကျပ်၊ မြဝတီ-ရန်ကုန် အရင်က နှစ်သောင်းခွဲ၊ သုံးသောင်း၊ အခုကတော့ ခြောက်သောင်း၊ ရှစ်သောင်းအထိဖြစ်နေတော့ ကုန်ဈေးနှုန်းတွေက တက်ရပြီလေ" ဟု ဘုရင့်နောင်ဈေးအတွင်းမှ ကုန်မျိုးစုံရောင်းချသူတစ်ဦးက ပြောကြားသည်။

မြဝတီ-ထို့ကော်ကိုး တောင်ကျော်လမ်းတွင် မြဝတီ-ကျော်ခို့မှ တောင်ထိပ်အထိ လမ်းပိုင်းကို လမ်းချဲ့ခြင်းများ ရှိသော်လည်း ဖုန်ထူခြင်း၊ အကောက်ဂိတ်များခြင်းကြောင့် အဆင်းနေ့တိုင်း၌ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေကြောင်း သိရသည်။

တောင်ထိပ်မှ ထို့ကော်ကိုးလမ်းပိုင်းတွင် ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှုကြောင့် ယာဉ်သွားလာမှု အနည်းငယ် အဆင်ပြေသည်ဟု ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

မြဝတီ-မော်လမြိုင် ယာဉ်မောင်းတစ်ဦးက "ကျွန်တော်တို့ မြဝတီဘက်မှာဆိုရင် မဲ့ပလဲ့ရွာကစပြီး ဂိတ်ကြေးပေးရပြီ။ တောင်ခြေအထိ ဂိတ်တွေအရမ်းများတယ်။ တောင်ခြေရောက်တော့ လက်မှတ်ဖြတ်ရတယ်။ တောင်ပေါ်မှာတော့ မပေးရတော့ဘူး။ ထို့ကော်ကိုးရောက်မှ လက်မှတ်ပြရတယ်။ ဂိတ်ကြေးပေးရတယ်ပေါ့။ ထို့ကော်ကိုး-နဘူး-အာရှလမ်းဆုံ အထိဂိတ်တွေများတော့ ကားလေးတွေက တံခွန်တိုင် ဒေါ်လမ်းဘက်ကနေ သွားနေကြရတယ်။ လမ်းကတော့ သိပ်မကောင်းပါဘူး" ဟု ပြောကြားသည်။

ကော့ကရိတ်မြို့တွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့်၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ အာရှလမ်းသစ်မှ သွားလာခွင့် ရပ်ဆိုင်းသွားပြီး မြဝတီ-ကော့ကရိတ် ယခင်ဒေါနတောင် ကျော်လမ်းဟောင်းမှာလည်း သွားလာခွင့်ပိတ်ပင်ထားသည့်အတွက် ယခုအခါ ထို့ကော်ကိုးဒေါနတောင်ကျော်လမ်းမှသာ မဖြစ်မနေသွားလာနေကြရခြင်းဖြစ်သည်။

Source: Newseleven.com

## တရုတ်နိုင်ငံ၏ဝန်ဆောင်မှု ကုန်သွယ်ခြင်းသည် ကမ္ဘာသို့ချိတ်ဆက်ပေးသည့်လမ်းကြောင်းများ ဖန်တီးပေးလျက်ရှိ

တရုတ်နိုင်ငံ၏ စီးပွားရေးမျက်နှာစာဖွင့်လှစ်မှုကိုတိုးချဲ့ရန် ဆက်လက်ကြိုးပမ်းမှုသည် နိုင်ငံစီးပွားရေးကို ရေရှည်တည်တံ့စေရန်နှင့် လာမည့်နှစ်များတွင် ပြိုင်ဆိုင်မှုဆိုင်ရာ အားသာချက်များကိုထိန်းသိမ်းရာ၌ ဝန်ဆောင်မှုကုန်သွယ်ရေးသည် အဓိက

မောင်းနှင်အား ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ဈေးကွက်လေ့လာသူများနှင့်စီးပွားရေးကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ ကမ္ဘာ့တန်ဖိုးမြင့် ကွင်းဆက်ပြန်လည်ဖွဲ့စည်းမှု (global value chain's restructuring) အရှိန်မြင့် ဆောင်ရွက်လာခြင်းသည် တရုတ်နိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၌ ဆန်းသစ်တီထွင်မှု၊ ဘဏ္ဍာရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် အမှတ်တံဆိပ်သတ်မှတ်ခြင်း စသည့်ဝန်ဆောင်မှုကဏ္ဍများကို တိုးမြင့်ဖော်ဆောင်လာနိုင်ခဲ့သည်။

China Academy of International Trade and Economic Cooperation မှ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေး အထူးပြုသုတေသီ Nie Pingxiang က ကုန်ပစ္စည်းဝယ်လိုအားနည်းလာခြင်း၊ ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းနှင့် ပထဝီနိုင်ငံရေးအပေါ်စိုးရိမ်မှုများ တိုးလာခြင်းတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာကုန်ထုတ်လုပ်မှု ချဲ့ထွင်ရေး၌ နှေးကွေးသွားစေကြောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်း၌ အရှိန်အဟုန်ဖြင့် တိုးတက်လာစေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ကုန်စည်ကုန်သွယ်မှုမဟုတ်သော ဝန်ဆောင်မှုကုန်သွယ်မှုများအနေဖြင့် သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေး၊ ကြော်ငြာ၊ ကွန်ပျူတာနှင့် စာရင်းကိုင်များကဲ့သို့သော ဝန်ဆောင်မှုများအား ရောင်းချခြင်းနှင့် ကုန်သွယ်ခြင်းတို့ကို ရည်ညွှန်းသည်။

တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ယွမ် ၆ ဒသမ ၅၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၁၄ ဒသမ ၂ ဘီလီယံ) ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ရာခိုင်နှုန်း တိုးလာကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။ နိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍ အရည်အသွေးမြှင့်တင်ရန်အတွက် ဆန်းသစ်တီထွင်မှု၊ နည်းပညာကျွမ်းကျင်မှု၊ သတင်းအချက်အလက်၊ ကျွမ်းကျင်မှုဆိုင်ရာပံ့ပိုးမှုနှင့် ဆက်စပ်လျက်ရှိသည့် ဝန်ဆောင်မှုများအတွက် လိုအပ်ချက်များကို ဖော်ဆောင်သွားရန် မျှော်မှန်းထားသည်။ တရုတ်နိုင်ငံ၏ ဉာဏအထူးပြုဝန်ဆောင်မှုများ (knowledge-intensive services) နှင့် ပတ်သက်၍ တင်ပို့နိုင်မှုပမာဏမှာ ၂၀၂၃ ခုနှစ်တွင် ယွမ် ၁ ဒသမ ၅၄ ထရီလီယံရှိပြီး ယခင်နှစ်ထက် ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

အလားတူ တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဂျာမန်ကုန်သည်ကြီးများအသင်း၏ အမှုဆောင်ဒါရိုက်တာ Jens Hildebrandt က တရုတ်နိုင်ငံသည် ၎င်း၏ဝန်ဆောင်မှုလုပ်ငန်းများကို တဖြည်းဖြည်းချင်း ဖွင့်လှစ်လိုက်သည်နှင့် ဂျာမန်ကုမ္ပဏီများအနေဖြင့် လာမည့်နှစ်တွင် တရုတ်ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုပုံစံသည် အသွင်ကူးပြောင်းမှုတစ်ရပ်ကို ဖော်ဆောင်နေကြောင်း၊ ယခင်က ဂျာမန်ကုမ္ပဏီများသည် တရုတ်နိုင်ငံသို့ နည်းပညာများ ပံ့ပိုးပေးခဲ့ပြီး တရုတ်နိုင်ငံ၏ ဈေးကွက်မှ သိသိသာသာ အကျိုးဖြစ်ထွန်းခဲ့သည်ကိုတွေ့ရကြောင်းနှင့် လက်ရှိအခြေအနေတွင် ကာဗွန်ထုတ်လုပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍများ၌ ဂျာမန်နှင့်အခြားဥရောပဈေးကွက်များသို့ ထိရောက်စွာထိုးဖောက်ဝင်ရောက်လာသည့် တရုတ်နိုင်ငံ၏ အပြိုင်အဆိုင်အမှတ်တံဆိပ်များနှင့် ခေတ်မီနည်းပညာများ အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်း ပေကျင်းမြို့၌ ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး Guo Tingting က အစိုးရအနေဖြင့် ယခုနှစ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ၌ ကုန်သွယ်မှုကို တက်ကြွစွာ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဤကဏ္ဍတိုးတက်မှုသည် နိုင်ငံခြားကုန်သွယ်မှုအရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှု အတွက် တွန်းအားသစ်များ ပြုစုပျိုးထောင်ရန် မျှော်လင့်ပါကြောင်းပြောကြားခဲ့သည်။ ဇန်နဝါရီလကုန်အထိ တရုတ်နိုင်ငံ အနေဖြင့် ယဉ်ကျေးမှု၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု၊ ပထဝီဆိုင်ရာအချက်အလက်၊ ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများအပါအဝင် ကျယ်ပြန့်သောကဏ္ဍများစွာကို လွှမ်းခြုံသည့်ဝန်ဆောင်မှုများ တင်ပို့နိုင်ရန်အတွက် ဝန်ဆောင်မှု အခြေစိုက်စခန်း ၁၁၂ ခုကို ထူထောင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှသိရသည်။

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်းကြား ကုန်သွယ်မှုပမာဏဖွံ့ဖြိုးလာခြင်းကို ဖော်ဆောင်ပေးလျက် ရှိသော ဟန်ကျိုး (Hangzhou) ပြည်နယ်နှင့် ဂျီကျန်း (Zhejiang) ပြည်နယ်အခြေစိုက် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု ပေးသည့် BEST Inc သည် ၂,၂၀,၀၀၀ စတုရန်းမီတာကျယ်ဝန်းသော စင်တာတစ်ခုကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ဖွင့်လှစ်ခဲ့သည်။ အရှေ့တောင်အာရှတွင် စက်ရုံများတည်ထောင်လျက်ရှိသော တရုတ်ကုမ္ပဏီများစွာရှိသည့်အတွက် ဒေသတွင်း၌ ၎င်းတို့၏ထောက်ပံ့ရေး ကွင်းဆက်လည်ပတ်မှုကို ပံ့ပိုးပေးရန်အတွက် ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း

နှင့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်၊ စင်ကာပူနှင့်မလေးရှားနိုင်ငံတို့ကို ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်တွင် ပိုမိုချိတ်ဆက်နိုင်ရန် ရည်မှန်းထားပြီး ယခုနှစ်အတွင်း ယင်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် အမြန်ချောပို့ဆောင်ရေးကို ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ထားကြောင်း BEST ကုမ္ပဏီ၏ ဥက္ကနှင့် CEO ဖြစ်သူ Johnny Chou က ပြောကြားခဲ့သည်။

**စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့။**

**အရင်းမြစ်။** http://en.people.cn/n3/2024/0205/c90000-20130941.html

## အထက်မင်းလှမြို့နယ်၊ ဥယျာဉ်ကျေးရွာ၏ ဆောင်းသီးနှံ ပဲကြီးစိုက်ပျိုးထားရှိမှုအခြေအနေ



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ် ပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်သော ပန်းတော်ပြင်၊ ဥယျာဉ်၊ ရွာတော်၊ မယ်ဇလီတော၊ ညောင်ပင်သာစသည့် ကျေးရွာများသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီး ကုလားပဲ၊ မတ်ပဲ၊ ပဲကြီး၊ စားတော်ပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ မြေပဲ၊ ပဲစင်းငုံ၊ ကြက်သွန်နီ၊ ငရုတ်၊ ခရမ်းချဉ်သီးနှင့်မေမြို့ပန်းတို့ကို ရာသီအလိုက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်းသိရှိရပါသည်။

အထက်မင်းလှမြို့နယ်၊ ပန်းတော်ပြင်ကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာ၌ ပဲကြီးစိုက်တောင်သူ (၁၈)ဦးခန့်ရှိပြီး စိုက်ဧကမှာ (၃၀)ဧကနီးပါးရှိကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ထွန်းတုံးဖြင့် ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြသည့်အပြင် (၆)လက်မစီခြား၍လည်း စိုက်ပျိုးကြကြောင်း၊ တောင်သူတစ်ဦးမှာ မိမိအနေဖြင့် (၂) ဧကခန့်စိုက်ပျိုးထားကြောင်း၊ မျိုးကို ယခင်နှစ် ပဲကြီးခင်းမှထွက်ရှိသည့် ပဲကြီးစေ့များကို မျိုးအဖြစ်ဖယ်ချန်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ (၁)ဧကလျှင် မျိုး(၆)ပြည်ခန့် ကုန်ကျကြောင်း၊ တော်လလင်းလပြည့်ကျော်တွင် စတင်စိုက်ပျိုးပြီး (၅)လခွဲ/(၆)လအကြာတွင် ခူးဆွတ်နိုင်ပြီဖြစ်ကြောင်း၊ (၁)ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ခ၊ လုပ်အားခအပါအဝင် ကျပ်(၁,၀၀,၀၀၀) ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်တွင် ပဲကြီးစိုက်ပျိုးရာ ကိုင်းကွင်းသို့ မြစ်ရေဝင်ရောက်ခဲ့သဖြင့် မြေအစိုဓာတ်ကောင်းကောင်းရသဖြင့် (၁)ဧကလျှင် အထွက်နှုန်းမှာ (၁၅)တင်းမှ (၂၆)တင်းထိထွက်ရှိပြီး (၁)တင်းဈေးနှုန်းအနေဖြင့်လည်း ကျပ်(၆၀,၀၀၀-၇၀,၀၀၀)ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ယခင်နှစ်၏ အထွက်နှုန်းအတိုင်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ဥယျာဉ်ကျေးရွာနေ ပဲကြီးစိုက်တောင်သူ ဦးဇော်အောင်ထံမှ သိရှိရပါသည်။

**Source:** https://www.doca.gov.mm

## မွန်ပြည်နယ်မှထွက်ရှိသည့် ဆားများကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချက်လျက်ရှိ



မွန်ပြည်နယ်၌ တစ်ဧက ဆား ၁၅ တန် ထွက်ရှိသည့် ဆားထုတ်လုပ်ဧက ၅၀၀၀ မှ တစ်နှစ်လျှင် ပျမ်းမျှ ဆားတန်ချိန် ၆၀,၀၀၀ မှ ၇၀,၀၀၀ အထိ ထွက်ရှိကာ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မွန်ပြည်နယ်တွင် ဆားလုပ်ငန်းရာသီသည် နှစ်စဉ် ဒီဇင်ဘာလမှစတင်ပြီး ဧပြီလတွင်မိုးရွာပါက ခေတ္တရပ်နားကာ မိုးရွာသွန်းမှုမရှိပါက မေလကုန်ထိ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဆားများကို ပင်လယ်နှင့်ဆက်စပ်သည့် သံဖြူဇရပ်မြို့နယ်ရှိ ပငချောင်း၊ ကရုပ်ပွဲချောင်း၊ အံခဲချောင်း သုံးချောင်းတို့မှ ရေများကိုယူ၍ ဆားထုတ်လုပ်ကြသည်။ မွန်ပြည်နယ်မှထွက်ရှိသည့်ဆားများကို ပြည်တွင်းရှိ မွန်၊ ကရင်၊ တနင်္သာရီ၊ မန္တလေး ဒေသများသို့ တင်ပို့ရောင်းချသည့်အပြင် ပိုလျှံသည့်ဆားများကို တောင်ကိုရီးယားနိုင်ငံသို့ ယခုလတွင် ဆားတန်ချိန် ၄၀

တင်ပို့ပြီး ယခုနှစ် ဆားထုတ်လုပ်ရာသီတွင် တန်ချိန် ၅၀၀၀ ကို တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်တွင် ဆားလုပ်ငန်းရှင် ၉၂ ဦးက ဆားကွင်းဧက ၅၀၀၀ ဖြင့် ဆားထုတ်လုပ်လျက်ရှိပြီး ဆားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆားကြမ်းမှ အိုင်အိုဒင်းဆားချောထုတ်လုပ်မည့် ခေတ်မီစက်များဖြင့် တပ်ဆင်ထုတ်လုပ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ်ဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်ကပြောသည်။ ယခုအခါ တောင်ကိုရီးယားနိုင်ငံ၌ မြန်မာ့ဆားများ ဈေးကောင်းရရှိပြီး ဈေးကွက်အနေအထားအရ ကြီးမားသောကြောင့် ဆားဈေးကွက်ကို ပြည်ပသို့ထိုးဖောက်နိုင်ပါက မြန်မာနိုင်ငံမှ ဆားလုပ်ငန်းရှင်များနှင့် ဆားထုတ်လုပ်တောင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိလာကာ ဝင်ငွေတိုးစေမည့်အပြင် နိုင်ငံခြားဝင်ငွေများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## နိုင်ငံခြားကုန်သွယ်မှု ကန်ဒေါ်လာ ၂၅ ဘီလီယံကျော်ရရှိထား

မြန်မာနိုင်ငံ၏ လက်ရှိဘဏ္ဍာရေးနှစ် ၁၀ လအတွင်း ပြည်ပကုန်သွယ်ဖက်များနှင့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅ ဘီလီယံရှိပြီး ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၂ ဒသမ ၁၃၅ ဘီလီယံရှိကာ သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၁၃ ဒသမ ၃၇၈ ဘီလီယံရှိသည်။

စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ယမန်နှစ်က ရရှိခဲ့သော ဒေါ်လာ ၂၈ ဒသမ ၆၆ ဘီလီယံမှ ကျဆင်းသွားခဲ့သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၃ ဒသမ ၁၅ ဘီလီယံ သိသိသာသာ ကျဆင်းသွားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ရေကြောင်းကုန်သွယ်မှုတန်ဖိုးမှာ ကန်ဒေါ်လာ ၁၈ ဒသမ ၇၈၇ ဘီလီယံရှိမည်ဟုခန့်မှန်းရပြီး နယ်စပ်ကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံရှိခဲ့သည်။

မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ဓာတ်သတ္တု၊ သစ်တောထွက်ပစ္စည်းနှင့်စက်မှုကုန်ချောများကို တင်ပို့နေပြီး အရင်းအနှီးကုန်စည်များ၊ ကုန်ချောထုတ်ကုန်စည်များ၊ ကုန်ကြမ်းများနှင့် CMP လုပ်ငန်းများမှ တင်သွင်းသည့် ကုန်ကြမ်းများနှင့်လူသုံးကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိသည်။

**Source: http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026402**

## STOCK EXCHANGE (20.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,250 (Shares) | 24,126,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -200 | -2.33% | 8,600 | 8,600 | 7,600 | 1,446 | 11,393,700 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 2,427 | 6,831,900 | 38,929,150 | 110,948 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 204 | 316,200 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 4 | 9,900 | 12,823,224 | 31,417 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 260 | 468,500 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 5 | 24,000 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 2,904 | 5,082,000 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Feb. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.71 | -2.69 | -0.74% | 361.00 | 361.00 | 344.48 | 7,250 | 24,126,200 | 8 | 676,600 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 19th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 7,250 (Shares) | 24,126,200 (MMK) |

## Main Board

As of 1:00 pm, 19th Feb. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,250 (Shares) | 24,126,200 (MMK) |

| MYANPIX | 358.71 ▼ 2.69 |
|---|---|
| Total Volume (shares) | 7,250 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,600 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 200 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |